ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

စိုက်ပျိုးရေးဦးစီးဌာန

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့

# ရော်ဘာတောင်သူ ဝင်ငွေတိုးစေဖို့

# ကြားသီးနှံစိုက်ပျိုးကြပါစို့

ဒေါ်ကေဇာလင်း၊ လက်ထောက်ဦးစီးမှူး

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၂၈) ရက်



# နိဒါန်း



- English Name - Rubber
- Myanmar Name - ရော်ဘာ
- Family Name - Euphorbiaceae
- Scientific Name - Hevea brasiliensis
- ရော်ဘာ၏ မူရင်းဒေသသည် တောင်အမေရိကတိုက်၊ ဘရာဇီးနိုင်ငံ၊ အမေဇုန်မြစ်ဝှမ်းဒေသ
- ၁၈၇၆ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့သို့ စတင်ရောက်ရှိ
- ရော်ဘာကို ၁၉၀၅ခုနှစ်တွင် မြန်မာနိုင်ငံ၌ စီးပွားဖြစ် စတင်စိုက်ပျိုး
- နောက်ပိုင်းတွင် တောင်သူများသည် ရော်ဘာတစ်မျိုးတည်း မဟုတ်ဘဲ အခြားသီးနှံများကိုပါ ကြားသီးနှံအဖြစ် ရောနှောစိုက်ပျိုးလာကြသည်။
- ထိုသို့စိုက်ပျိုးခြင်းသည် တောင်သူများအတွက် ရော်ဘာအပြင် အခြားသီးနှံအတွက်ပါ ဝင်ငွေရရှိသည်။








မြိတ်မြို့နယ် လေယာဉ်ကွင်း အနီးရှိ မြန်မာနိုင်ငံ၏
အသက်အကြီးဆုံး ရော်ဘာပင်



# တနင်္သာရီတိုင်းဒေသကြီး၏ မိုးရွာသွန်းမှုအခြေအနေ







# ရည်ရွယ်ချက်



- ရော်ဘာစိုက် တောင်သူများအနေဖြင့် ရော်ဘာသီးနှံ တစ်မျိုးတည်းသာမက ကြားသီးနှံမှ ဝင်ငွေရရှိရန်
- အစေးလှီးလုပ်သားများအား တစ်နှစ်ပတ်လုံး အလုပ်အကိုင်ရရှိစေရန်
- ရော်ဘာ အစေးမထွက်မှီကာလနှင့် အစေးလှီး နားနေကာလများ၌ အခြားသီးနှံများမှ ဝင်ငွေရရှိစေရန်၊
- ရေရှည်တည်တံ့သော ရော်ဘာစိုက်ပျိုးခြင်း၏ ဆန်းသစ်မှုကို တောင်သူများအား ပညာပေး ပြသရန်၊



# ရော်ဘာစိုက်ပျိုးခြင်း



- မိမိပိုင်ဆိုင်သည့်မြေကို အကျိုးရှိစွာ အသုံးချနိုင်ရန် ရော်ဘာတစ်မျိုးတည်း သီးသန့်မစိုက်ဘဲ သီးနှံစုံ ရောနှောစိုက်ပျိုးရန် လိုအပ်ပေသည်။
- ကြားသီးနှံစိုက်ပျိုးနိုင်ရန် ရော်ဘာပင်ကြား၊ တန်းကြားများကိုလည်း အမျိုးမျိုး ဆောင်ရွက်နိုင်ပါသည်။
- ပုံမှန်အားဖြင့် ရော်ဘာပင်သီးသန့်စိုက်ပျိုးလျှင် ပင်ကြား(၁၀)ပေ၊ တန်းကြား(၂၀)ပေ၊ အပင်ရေအတွက် (၂၁၇)ပင် ရရှိနိုင်ပါသည်။
- ကြားသီးနှံများကို စိတ်ကြိုက်စိုက်ပျိုးနိုင်ရန် မြေပြန့်တွင် လိုင်းဖြောင့်စိုက်ပျိုးရန်အတွက် ရော်ဘာပင် (၂)တန်းသွား တစ်တန်းလျှင် ပင်ကြားတန်းကြား(၆×၁၂)ပေ ထားရှိပြီး နှစ်တန်းသွား တစ်တွဲနှင့်တစ်တွဲ ကြား (၆၀)ပေထား၍ ကြားသီးနှံအမျိုးမျိုးကို သင့်တော်သလို စိုက်ပျိုးနိုင်မည်ဖြစ်ပါသည်။





- ထိုသို့ဆောင်ရွက်ရာတွင် ရော်ဘာသီးသန့် စိုက်ပျိုးသည့်စနစ်၌ တစ်ဧက ဝင်ဆံ့သော ရော်ဘာပင် အရေအတွက်အတိုင်း ရရှိစေပြီး အခြားသီးနှံများလည်း ထည့်သွင်း စိုက်ပျိုးခြင်းဖြင့် ဝင်ငွေအပိုရအောင် ဆောင်ရွက်ခြင်းဖြစ်သည်။
- ကြားသီးနှံစိုက်ပျိုးရာတွင် ရော်ဘာပင်အမြစ် အနှောက်အယှက် မဖြစ်စေရန် စဉ်းစား ဆောင်ရွက်ရမည်။
- **ရော်ဘာပင်ကြားတွင် စိုက်ပျိုးနိုင်သောကြားသီးနှံများမှာ**
- နှစ်ရှည်ပင်များ - ပိန္နဲ၊ ကွမ်းသီး၊ မျောက်ငို
- သက်လတ်ပင်များ - ကော်ဖီ၊ ကိုကိုး
- ရာသီပင်များ - ပဲမျိုးစုံ၊ ဟင်းသီးဟင်းရွက်
- သစ်ထုတ်နိုင်သောအပင်များ - ပိတောက်၊ တမလန်း
- ရေရှည်ထား၍ရသော အရိပ်မကြောက်သည့်အပင်များ - နာနတ်၊ ဂျင်း၊ နနွင်း၊ ပိန်းဥ၊ ကန်စွန်းဥ



# ရော်ဘာစိုက်ခင်းအတွင်း ကြားသီးနှံစိုက်ပျိုးရန်



## ပင်ကြားတန်းကြားနှင့်ဝင်ဆံ့အပင်အရေအတွက်

| စဉ် | ကြားသီးနှံ | | ကြားသီးနှံ | |
|---|---|---|---|---|
| | သီးနှံ အမျိုးအစား | ဝင်ဆံ့အပင် ဦးရေ | ပင်ကြား (ပေ) | တန်းကြား (ပေ) |
| ၁။ | ပိန္နဲ | ၆၀ | ၂၀ | ၂၀ |
| ၂။ | နာနတ် | ၃၀၂ | ၃ | ၆ |
| ၃။ | ပိန်းဥ | ၁၉၀ | ၂ | ၂ |
| ၄။ | ခရမ်းသီး | ၁၉၀ | ၂ | ၂ |
| ၅။ | မျောက်ငို | ၁၀၅ | ၂၀ | ၂၀ |
| ၆။ | ကွမ်းသီး | ၁၇၁ | ၁၁ | ၁၁ |
| ၇။ | ကော်ဖီ | ၁၈၉ | ၁၀ | ၁၀ |

## ဘက်စုံစိုက်ပျိုးရေးစနစ် စိုက်ပျိုးရန်နမူနာဒီဇိုင်း





# အစေးလှီးနေသော ရော်ဘာစိုက်ခင်းအတွင်း
# ကြားသီးနှံ ကိုကိုး၊ ဝဥ စိုက်ပျိုးခြင်း








မြိတ်ခရိုင်၊ မြိတ်မြို့နယ် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (ရွှေဒူး)



# ရော်ဘာစိုက်ခင်းအတွင်း
# ကြားသီးနှံ ကော်ဖီ ၊ ပိန္နဲ စိုက်ပျိုးခြင်း







မြိတ်ခရိုင် ပုလောမြို့နယ် ရော်ဘာစိုက်တောင်သူ ဒေါ်ယုယုမော်၏ စိုက်ခင်း



# ရော်ဘာစိုက်ခင်းအတွင်း

# ကြားသီးနှံ ဝဥ ၊ အာတာလွတ်ဥ စိုက်ပျိုးခြင်း








မြိတ်ခရိုင် ပုလောမြို့နယ် ရော်ဘာစိုက်တောင်သူ ဒေါ်ယုယုမော်၏ စိုက်ခင်း



# ရော်ဘာစိုက်ခင်းအတွင်း ကြားသီးနှံ ပိန်းဥ နှင့် ခရမ်းသီး စိုက်ပျိုးခြင်း







ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်
နတ်တွင်းကျေးရွာ
တောင်သူဦးခင်စိုး၏ စိုက်ခင်း

မြိတ်ခရိုင် တနင်္သာရီမြို့နယ်၊
ညောင်ပင်ကွင်းကျေးရွာ
တောင်သူစိုက်ခင်း



# ရော်ဘာအခင်းတွင် ကြားသီးနှံ နာနတ်ပင်နှင့်ကွမ်းသီးပင် စိုက်ပျိုးခြင်း







ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်
နတ်တွင်းကျေးရွာ
တောင်သူ၏ စိုက်ခင်း

မြိတ်ခရိုင် တနင်္သာရီမြို့နယ် ၊
ညောင်ပင်ကွင်းကျေးရွာ
တောင်သူ ဦးသန်းဝင်း၏ စိုက်ခင်း



# ရော်ဘာခင်းအသစ်တွင်
# ကြားသီးနှံ ကော်ဖီနှင့်မျောက်ငို စိုက်ပျိုးခြင်း







မြိတ်ခရိုင် တနင်္သာရီမြို့နယ် နှစ်ရှည်ပင်များသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ညောင်ပင်ကွင်း)



# တစ်ကေကုန်ကျစရိတ်နှင့် အကျိုးအမြတ်ရရှိမှုအခြေအနေ



| စဉ် | ကြားသီးနှံ | တစ်ကေဝင်ဆံ့အပင်ဦးရေ | ကုန်ကျစရိတ် | ဝင်ငွေ | အမြတ် |
|---|---|---|---|---|---|
| ၁။ | ပိန္နဲ | ၆၀ (၂၀’×၂၀’) | ၁၄၆၂၅၀ | ၁၅၀၀၀၀၀ | ၁၃၅၃၇၅၀ |
| ၂။ | နာနတ် | ၃၀၃(၃’×၆’’) | ၆၀၅၀၀ | ၃၀၂၀၀၀ | ၂၄၁၅၀၀ |
| ၃။ | ပိန်းဥ | ၁၉၀ (၂’×၂’) | ၅၄၀၀၀ | ၁၁၄၀၀၀ | ၆၀၀၀၀ |
| ၄။ | ခရမ်းသီး | ၁၉၀ (၂’×၂’) | ၄၅၀၀၀ | ၁၉၀၀၀၀ | ၁၇၅၀၀၀ |
| ၅။ | မျောက်ငို | ၁၀၅ (၂၀’×၂၀’) | ၃၁၂၀၀၀ | ၁၀၅၀၀၀၀ | ၇၃၈၀၀၀ |
| ၆။ | ကွမ်းသီး | ၁၇၁ (၁၁’×၁၁’) | ၁၄၁၇၅၀ | ၁၇၁၀၀၀၀ | ၁၅၆၈၂၅၀ |
| ၇။ | ကော်ဖီ | ၁၈၉ (၁၀’×၁၀’) | ၆၁၁၀၀၀ | ၉၁၂၃၀၀ | ၃၀၁၃၀၀ |



# တွေ့ရှိချက်နှင့် သုံးသပ်တင်ပြချက်



## ကြားသီးနှံစိုက်ပျိုးခြင်း၏ အားသာချက်

- အပိုဝင်ငွေရရှိခြင်း
- မြေတစ်ယူနစ်အသုံးပြုမှုစွမ်းအားတိုးတက်လာခြင်း
- အစေးခြစ်ရပ်နားကာလတွင် အလုပ်အကိုင် အခွင့်အလမ်းရရှိစေခြင်း
- ရော်ဘာစိုက်တောင်သူ၏ ရင်းနှီးမြှုပ်နှံမှုကို တစ်ဖက်တစ်လှမ်းမှ အထောက်အကူဖြစ်စေခြင်း
- မြေဆီလွှာတိုက်စားမှုကို ကာကွယ်ပေးခြင်း

## ကြားသီးနှံစိုက်ပျိုးခြင်း၏ အားနည်းချက်

- သီးနှံပျိုးပင်ကုန်ကျစရိတ်
- မြေဩဇာကုန်ကျစရိတ်
- ပိုးမွှားရောဂါကာကွယ်ခြင်း
- သီးနှံဆွတ်ခူးသည့်စရိတ်ကုန်ကျခြင်း



# နိဂုံး



- ကြားသီးနှံနှင့် ရော်ဘာပင်များ သဟဇာတဖြစ်စွာ ရှင်သန်သီးပွင့်နိုင်ရန်အတွက် လိုအပ်သော အလင်းရောင်၊ ရောဂါကူးစက်မှု၊ အစာအာဟာရစားသုံးနိုင်မှု စသည်တို့ကို တွက်ချက်ပြီး စိုက်ပျိုးသွားခြင်းဖြင့် ရော်ဘာမှ ဝင်ငွေရရှိမည့်အပြင် အပိုဝင်ငွေများ ရရှိမည်ဖြစ်ပါသည်။
- အစေးလှီးရပ်နားထားချိန်တွင် အလုပ်သမားများအား တစ်နှစ်ပတ်လုံး အလုပ်အကိုင် ပေးထားနိုင်ပါသည်။
- ခြံရှင်နှင့် အလုပ်သမားများ၏ လူနေမှုဘဝ အဆင့်အတန်းမြင့်မားလာပါမည်။
- သို့ဖြစ်ပါ၍ ရော်ဘာစိုက်တောင်သူများ ဝင်ငွေတိုးစေဖို့ ကြားသီးနှံ စိုက်ပျိုးကြပါစို့ဟု နိဂုံးချုပ်တင်ပြအပ်ပါသည်။





# ကျမ်းကိုး စာရင်း

- ရော်ဘာသီးနှံ ကွင်းဆင်းစစ်ဆေးခြင်း လက်စွဲစာစောင် (၂၀၁၈ ခုနှစ်)
- တနင်္သာရီတိုင်းဒေသကြီး ၊ စိုက်ပျိုးရေးဦးစီးဌာန ၊ တိုင်းဒေသကြီးဦးစီးမှူးရုံး၏ ရော်ဘာစိုက်ခင်းတွင် ကြားသီးနှံ စိုက်ပျိုးခြင်း လက်ကမ်းစာစောင် (၂၀၁၉ ခုနှစ်)
- တနင်္သာရီတိုင်းဒေသကြီးအတွင်း လက်တွေ့ကွင်းဆင်းဆောင်ရွက်ခြင်း မှ တွေ့ရှိချက်များ (၂၀၁၉ ခုနှစ် )


ကျေးဇူးတင်ပါသည်။